## ကွယ်လွန်သူ ဘိန်းဘုရင်ခွန်ဆာအကြောင်း တစေ့တစောင်း
## ၃၀ အောက်တိုဘာ ၂၀၀၇

တချိန်က ကမ္ဘာပေါ်မှာ ဘိန်းဖြူအများဆုံးထုတ်လုပ်သူ ဘိန်းဘုရင်အဖြစ်ကျော်ကြားခဲ့တဲ့ ဦးခွန်ဆာဟာ ရန်ကုန်မြို့မှာ ကွယ်လွန်သွားပြီလို့ သိရပါတယ်။ အသက် ၇၄ နှစ်အရွယ်ရှိတဲ့ ဦးခွန်ဆာဟာ ဘိန်းကုန်ကူးမှုအတွက် အမေရိကန်အစိုးရက ဆုငွေ ဒေါ်လာ ၂ သန်း ထုတ်ခံထားရသူဖြစ်ပါတယ်။ ဒီသတင်းကို ထိုင်းအခြေစိုက် ဗွီအိုအေ သတင်းထောက် ဦးမိုးဇော်က တင်ပြထားပါတယ်။

ဘိန်းဘုရင်ခွန်ဆာလို့ လူသိများခဲ့တဲ့ ဦးခွန်ဆာသေဆုံးသွားတဲ့သတင်းကို ရှမ်းသံတော်ဆင့်သတင်းဌာနက ဦးခွန်ဆိုင်းက အခုလို အတည်ပြုပြောပြပါတယ်။

> "၂၇ ရက်နေ့ကဆုံးတယ်။ သူ ဘာရောဂါလို့တော့မပြောဘူး။ ဒါပေမယ့် သူက ရောဂါရှိတာကြာပြီ။ သွေးတိုးလည်းရှိတယ်ဗျာ၊ ဆီးချိုလည်းရှိတယ်ဗျာ၊ နောက်ပြီးတော့မှ ကိုယ်တခြမ်းသေတဲ့ဟာလည်း ရှိတယ်ဗျာ။ သူက နှစ်ပေါင်း ၁၀ နှစ်ကျော် ခံလာပြီးပြီ၊ ဒါကြောင့်မို့ဖြစ်တာပါ"

ဦးခွန်ဆိုင်းဟာ တချိန်က ဦးခွန်ဆာထံမှာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ ဦးခွန်ဆာဟာ ဩဂုတ်လကုန်ပိုင်းက မင်္ဂလာဒုံစစ်ဆေးရုံမှာ တပတ်လောက် ဆေးကုသခံခဲ့ပြီး သက်သာလာတဲ့အချိန်မှာ နေအိမ်ကိုပြန်ခွင့်မရဘဲ စစ်ထောက်လှမ်းရေးက ရေကြည်အိုင်မှာ အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံထားရတုန်း ကွယ်လွန်သွားတာဖြစ်တယ်လို့ ရှမ်းသံတော်ဆင့်သတင်းဌာနက ထုတ်ပြန်တဲ့သတင်းမှာ ဖော်ပြထားပါတယ်။

ဦးခွန်ဆာဟာ ငယ်စဉ်အခါက ကူမင်တန်ခေါ် တရုတ်ဖြူတပ်ဖွဲ့မှာ အမှုထမ်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ သူ့နောက်လိုက်တွေနဲ့အတူ ကာကွယ်ရေးတပ်အမည်နဲ့ ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာအစိုးရနဲ့ ပူးပေါင်းခဲ့ပါတယ်။ အင်အားတောင့်တင်းလာတဲ့အချိန်မှာ မြန်မာအစိုးရနဲ့လမ်းခွဲပြီး ရှမ်းနဲ့ဝနယ်တွေမှာ ဘိန်းထုတ်လုပ်ခဲ့တာကြောင့် ၁၉၆၉ ခုနှစ်မှာ မြန်မာတပ်ဖွဲ့က သူ့ကိုဖမ်းဆီးရမိခဲ့ပြီး ထောင်ချခဲ့ပါတယ်။ သူ့နောက်လိုက်တွေက တောင်ကြီးမြို့က ရုရှဆရာဝန်လင်မယားကို ပြန်ပေးဆွဲပြီး သူနဲ့ အလဲအလှယ်လုပ်ခဲ့တာကြောင့် ပြန်ပြီး လွတ်မြောက်လာခဲ့ပါတယ်။

နောက်ပိုင်း ဘိန်းလုပ်ငန်းပြန်လုပ်ခဲ့သလို သူ့တပ်ဖွဲ့ကိုလည်း စည်းလုံးညီညွတ်တဲ့ ရှမ်းတပ်မတော်လို့ အမည်ပေးခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်မှာ စဝ်ကွဏ်းဆင်ခေါ် မိုးဟိန်းရဲ့ ရှမ်းတော်လှန်ရေးကောင်စီနဲ့ပူးပေါင်းပြီး ရှမ်းပြည်အရှေ့ပိုင်းကနေ ရှမ်းကယားနယ်စပ်အထိ ထိန်းချုပ်လာနိုင်ခဲ့ပါတယ်။ အဲဒီနောက် အမ်တီအေခေါ် မော်ထိုင်းတပ်မတော်ကို ဖွဲ့စည်းခဲ့ပြီး ရွှေတြိဂံလို့အမည်တွင်တဲ့ ထိုင်း၊ မြန်မာ၊ လာအိုနယ်စပ်မှာ ဘိန်းဖြူအမြောက်အမြား ထုတ်လုပ်ခဲ့တာကြောင့် ဘိန်းဘုရင်ခွန်ဆာလို့ ထင်ရှားလာခဲ့ပါတယ်။

၁၉၈၉ ခုနှစ်မှာ အမေရိကန်ကို ဘိန်းတင်ပို့တာကြောင့် နယူးယောက်တရားရုံးက ဖမ်းမိန့်ထုတ်ခဲ့ပါတယ်။ နောက် အမေရိကန်အစိုးရက ဆုငွေဒေါ်လာ ၂ သန်း ထုတ်ခဲ့တဲ့နောက် ၁၉၉၆ ခုနှစ်မှာ ဘိန်းဘုရင်ခွန်ဆာနဲ့ သူ တည်ထောင်ထားတဲ့ မော်ထိုင်းတပ်မတော်ဟာ မြန်မာအစိုးရထံမှာ အပြီးအပိုင် လက်နက်ချသွားခဲ့ပါတယ်။

ရှမ်းပြည်တပ်မတော်တောင်ပိုင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလောင်ဆိုင်ဝ်ကတော့ ဘိန်းဘုရင် ခွန်ဆာဟာ နာမည်ဆိုးနဲ့ကျော်ကြားခဲ့ပေမယ့် ရှမ်းပြည်သူတွေအတွက် စွမ်းဆောင်ခဲ့တာတွေရှိတယ်လို့ အခုလိုပြောပြပါတယ်။

> "သူဦးဆောင်ခဲ့တဲ့ခေတ်မှာဆိုရင် တဖက်တလမ်းက နာမည်ဆိုးတွေရခဲ့သလို တဖက်တလမ်းကလည်း ရှမ်းပြည်တပ်မတော်အတွက် သူ့ရဲ့ ကောင်းတဲ့စွမ်းဆောင်ချက်တွေ၊ ပျိုးထောင်ပေးတဲ့ သာဓကတွေ

ရှိခဲ့ပါတယ်။ ဥပမာ ကျွန်တော်တို့ ရှမ်းလူငယ်တွေကို စစ်ပညာသင်ပေးတာတို့၊ ကိုယ့်အမျိုးကို ချစ်တတ်အောင်၊ ကိုယ့်တိုင်းပြည်ကိုချစ်တတ်အောင် ရန်သူနဲ့မိတ်ဆွေ ခွဲခြားတတ်အောင် အဲဒါတွေကို သူကစပြီး ပျိုးထောင်သင်ကြားပေးတာတွေလည်း ရှိပါတယ်”

ရှမ်းပြည်တပ်မတော်တောင်ပိုင်းဟာ ဦးခွန်ဆာခေါင်းဆောင်တဲ့ အမ်တီအေအဖွဲ့ လက်နက်ချသွားချိန်မှာ လိုက်ပါမသွားဘဲ မြန်မာစစ်အစိုးရကို ဆက်လက်တော်လှန်တိုက်ခိုက်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဦးခွန်ဆာဟာ ရှမ်းမျိုးချစ်သူရဲကောင်းတယောက်လား၊ ကိုယ်ကျိုးရှာတဲ့ ဘိန်းဘုရင်လား ဆိုတာနဲ့ပတ်သက်ပြီး ဗိုလ်မှူးစိုင်းလောင်ဆိုင်ဝ်က အခုလိုဆက်ပြီး ရှင်းပြပါတယ်။

“ကျနော်တို့ကတော့ ဘာမှ သတ်မှတ်နိုင်မှာ မဟုတ်ပါဘူး။ သတ်မှတ်နိုင်တာကတော့ ကမ္ဘာသူကမ္ဘာသားတွေ၊ နောက်ပြီးတော့ ရှမ်းပြည်သူပြည်သားတွေကပဲ သူတို့သဘောဆန္ဒနဲ့သူတို့ သတ်မှတ်ကြမှာဖြစ်ပါတယ်။ ကျနော်တို့ အက်စ်အက်စ်အေ၊ အာစီအက်စ်အက်စ် (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ) ကတော့ ဘာမှ အဲဒီသဘောထား မရှိပါဘူးခင်ဗျ”

ဦးခွန်ဆာကတော့ သူလက်နက်မချမီက သူဟာ ရှမ်းပြည်လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ဖို့ ဘိန်းထုတ်လုပ်ရတာဖြစ်တဲ့အကြောင်း၊ ဒီလိုအပ်တဲ့ငွေကိုရရင် ဘိန်းထုတ်လုပ်မှုကို ရပ်ဆိုင်းမှာဖြစ်တဲ့အကြောင်း နိုင်ငံခြားသတင်းဌာနတခုကို ပြောသွားခဲ့ပါတယ်။